MM

# လျှောက်လွှာအသေးစိတ်

## ကျောင်းဝင်ခြင်းနှင့်
## ကျောင်းသားဗီဇာလျှောက်ထားခြင်းဆိုင်ရာ
## လမ်းညွှန်ချက်

## ၂၀၂၇ခုနှစ်၄လပိုင်း～၂၀၂၈ခုနှစ်၁လပိုင်း

# MANABI
# နိုင်ငံခြားဘာသာစကားသင်တန်းကျောင်း


YCC Building No. 2, 2-3-1 Ote, Ueda City,
Nagano Prefecture
PHONE : +81-268-28-7788
FAX: +81-268-28-7786
nagano@manabi.co.jp

JR UEDAဘူတာ မှ လမ်းလျှောက်၁၀မိနစ်



တည်ထောင်သူ: YCC JAPAN Co., Ltd.


MANABIနိုင်ငံခြားဘာသာကျောင်း ၏လျှောက်လွှာခေါ်ယူရေးလမ်းညွှန် သည် နာဂါနိုကျောင်းခွဲ (နာဂနိုခရိုင်၊ အူအဲဒါမြို့) ) နှင့်
တိုကျိုကျောင်းခွဲ(တိုကျိုမြို့)အတွက်လျှောက်လွှာလမ်းညွှန်များသည်သီးခြားဖြစ်သောကြောင့်၊
မိမိလျှောက်ထားမည့် ကျောင်းခွဲ၏ လမ်းညွှန်စာရွက်မှန်ကန်ကြောင်း စစ်ဆေးပြီးမှ လျှောက်ထားပါ။

# I　ပညာရေးခံယူချက်၊ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များ

### ပညာရေးခံယူချက်

『ဆန္ဒရှိလျှင် နည်းလမ်းရှိသည်』ကျောင်းသားတစ်ဦးချင်းစီ ပုံဖော်ထားသော အနာဂတ်အိပ်မက်များ အမှန်တကယ်ဖြစ်လာစေရန်၊ ကျွန်ုပ်တို့သည် ကျောင်းသားများ၏ အလားအလာများကို အစွမ်းကုန် ပွင့်လန်းလာစေပြီး၊ အောင်မြင်ပြီးမြောက်ခြင်း၏ ပျော်ရွှင်မှုသည် အနာဂတ်အတွက် ခွန်အားဖြစ်စေမည့် ပညာရေးမျိုးကို ရည်မှန်းပါသည်။

### ရည်ရွယ်ချက်

သင်ယူသူများသည် ဂျပန်နိုင်ငံရှိ အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများသို့ ဆက်လက်ပညာသင်ကြားနိုင်ရန် (သို့မဟုတ်) ဂျပန်နိုင်ငံတွင် အလုပ်အကိုင်ရရှိရန် ရည်မှန်းနိုင်စေရေးအတွက်၊ ဂျပန်ဘာသာစကား ဆက်သွယ်ပြောဆိုမှုစွမ်းရည် တတ်မြောက်ရေးကို အဓိကထား
သည့် ပညာရေးကို ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။ ဘာသာစကားသက်သက်ကိုသာ သင်ကြားပေးရုံသာမက၊ မတူကွဲပြားသော ယဉ်ကျေးမှုများအပေါ် နားလည်သဘောပေါက်မှု ပိုမိုနက်ရှိုင်းစေပြီး၊ ယဉ်ကျေးမှုပေါင်းစုံ အတူတကွ ပူးပေါင်းနေထိုင်သည့် လူ့အဖွဲ့အစည်းတွင် ထူးချွန်စွာ ပါဝင်လှုပ်ရှားနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်မွေးထုတ်ပေးရန် ရည်ရွယ်ပါသည်။

### ရည်မှန်းချက်

၁။ ရှေ့ဆက်ရမည့်လမ်းကြောင်း (အဆင့်မြင့်ပညာဆက်လက်သင်ကြားခြင်း၊ အလုပ်အကိုင်ဝင်ရောက်ခြင်း) နှင့် လက်တွေ့လူ့အဖွဲ့အစည်းတွင် အသုံးဝင်မည့် ဂျပန်ဘာသာစကား လက်တွေ့အသုံးချနိုင်စွမ်းကို ပြုစုပျိုးထောင်ပေးပါမည်။
၂။ ဂျပန်လူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုတို့ကို လေ့လာသင်ယူခြင်းနှင့်အတူ၊ နိုင်ငံနှင့် ဒေသအသီးသီးမှ ကျောင်းသားများနှင့် အပြန်အလှန်ဆက်သွယ်ခြင်း၊ အမြင်ချင်းဖလှယ်ခြင်းများမှတစ်ဆင့် မတူကွဲပြားသော ယဉ်ကျေးမှုများအပေါ် နားလည်သဘောပေါက်မှုကို
ကိုပိုမိုနက်ရှိုင်းစေပါမည်။
၃။ ကိုယ်တိုင်လေ့လာသင်ယူနိုင်သော နည်းလမ်းများနှင့် အလေ့အကျင့်များကို ရရှိစေပြီး၊ မိမိကိုယ်ကို စဉ်ဆက်မပြတ် တိုးတက်မြင့်မားစေမည့် စွမ်းရည်များကို ပြုစုပျိုးထောင်ပေးပါမည်။

# II　လျှောက်ထားနိုင်သော သင်တန်းများ

- အသေးစိတ်ကို 『သင်ရိုးညွှန်းတမ်း လမ်းညွှန်』 တွင် ဝင်ရောက်ကြည့်ရှုပါ။
- ၂၀၂၇ ခုနှစ် ဧပြီလမှ စတင်၍ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော 『အသိအမှတ်ပြု ဂျပန်ဘာသာစကား ပညာရေးအဖွဲ့အစည်း』 အဖြစ် ဖွင့်လှစ်ရန် စီစဉ်ထားပါသည်။

### အဆင့်မြင့်ပညာ ဆက်လက်သင်ကြားရေး သင်တန်း

ဘွဲ့လွန်ကျောင်း၊ တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများသို့ ဆက်လက်ပညာသင်ကြားရန်အတွက် ရည်ရွယ်သော သင်တန်းဖြစ်ပါသည်။ ဤသင်တန်းသည် ဂျပန်နိုင်ငံတွင် အဆင့်မြင့်ပညာဆက်လက်သင်ကြားရန် ရည်မှန်းထားသူများကို ရည်ရွယ်လျက် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး၊ ဘာသာစကားဗဟုသုတများကို သင်ယူရရှိရုံသာမကဘဲ ဂျပန်နိုင်ငံရှိ တက္ကသိုလ်၊ ဘွဲ့လွန်ကျောင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများတွင် သုတေသနနှင့် လေ့လာသင်ယူမှုများကို ချောမွေ့စွာ လုပ်ဆောင်နိုင်ကာ ပညာရပ်ဆိုင်ရာ အောင်မြင်မှုရလဒ်များနှင့် ကောင်းမွန်သော လူမှုဆက်ဆံရေးကို တည်ဆောက်နိုင်စွမ်းရှိသော "ပညာရပ်ဆိုင်ရာ
စွမ်းရည်နှင့် သုတေသနစွမ်းရည်" တို့နှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ပါသည်။

| သင်ရိုးညွှန်းတန်းအမည် | ကျောင်း ဝင်ခွင့်ကာလ | သင်တန်းကာလ | စုစုပေါင်း သင်ယူရမည့် နာရီအရေအတွက် | သတ်မှတ်ဦးရေ | ရရှိရန် ရည်မှန်းချက်များ |
|---|---|---|---|---|---|

| | | | | | |
|---|---|---|---|---|---|
| အဆင့်မြင့်ပညာဆက်လက်သင်ကြားရေး ၂ နှစ် သင်တန်း | ၄လ | ၂နှစ် | သင်ယူမှုနာရီ ၁,၅၂၀ | ၂၀၀ဦး | ဂျပန်ဘာသာစကားသင်ကြားရေး ရည်ညွှန်းဘောင် B2 |
| အဆင့်မြင့်ပညာဆက်လက်သင်ကြားရေး ၁ နှစ်နှင့်၉လ သင်တန်း | ၇လ | ၁နှစ်၉လ | သင်ယူမှုနာရီ ၁,၃၃၀ | | |
| အဆင့်မြင့်ပညာဆက်လက်သင်ကြားရေး ၁ နှစ်နှင့်၆လ သင်တန်း | ၁၀လ | ၁နှစ်၆လ | သင်ယူမှုနာရီ ၁,၁၄၀ | | |
| အဆင့်မြင့်ပညာဆက်လက်သင်ကြားရေး ၁ နှစ်နှင့်၃လ သင်တန်း | ၁လ | ၁နှစ်၃လ | သင်ယူမှုနာရီ ၉၅၀ | | |

## တိုခုတေးဂိနိုးအလုပ်ဝင်ရောက်ခြင်း ကြိုတင်ပြင်ဆင်ခြင်းသင်တန်း

နေထိုင်ခွင့်ဗီဇာ『ကျွမ်းကျင်လုပ်သား (တိုခုတေးဂိနိုး)』ဖြင့် အလုပ်အကိုင်ရရှိရေးအတွက် ရည်ရွယ်သော သင်တန်းအစီအစဉ်ဖြစ်ပါသည်။
ဤသင်တန်းသည် ကျွမ်းကျင်လုပ်သားနယ်ပယ်တွင် အလုပ်လုပ်ကိုင်ရန် ရည်မှန်းထားသူများကို ရည်ရွယ်ပါသည်။ သာမန်ဘာသာစကားအသိပညာကို သင်ယူရုံသာမကဘဲ၊ ဂျပန်နိုင်ငံရှိ လုပ်ငန်းခွင်များတွင် လုပ်ငန်းတာဝန်များကို အဆင်ပြေချောမွေ့စွာ ထမ်းဆောင်နိုင်ပြီး ကောင်းမွန်သော လူမှုဆက်ဆံရေးကို တည်ဆောက်နိုင်သည့်「လုပ်ငန်းခွင်စွမ်းရည်」ပြည့်ဝသော လူသားအရင်းအမြစ်များကို မွေးထုတ်ပေးရန် ရည်ရွယ်ပါသည်။

| သင်ရိုးညွှန်းတန်းအမည် | ကျောင်းဝင်ခွင့်ကာလ | သင်တန်းကာလ | စုစုပေါင်း သင်ယူရမည့် နာရီအရေအတွက် | သတ်မှတ်ဦးရေ | ရရှိရန် ရည်မှန်းချက်များ |
|---|---|---|---|---|---|
| တိုခုတေးဂိနိုးအလုပ်ဝင်ရောက်ရန်ကြိုတင်ပြင်ဆင် ၁နှစ်သင်တန်း | ၄လ | ၁နှစ် | သင်ယူမှုနာရီ ၇၆၀ | ၄၀ဦး | ဂျပန်ဘာသာစကားသင်ကြားရေး ရည်ညွှန်းဘောင် B1 |

# Ⅲ　သင်တန်းတက်ရောက်သည့်ရက်နှင့် သင်ကြားချိန်

- သင်ခန်းစာ ၁ ချိန်လျှင် မိနစ် ၅၀ ဖြစ်ပါသည်။ တစ်နေ့လျှင် သင်ခန်းစာ ၄ ချိန် (စုစုပေါင်း မိနစ် ၂၀၀) သင်ကြားပါသည်။
- ကျောင်းဝင်ချိန်တွင် အတန်းခွဲသတ်မှတ်ရန် စာမေးပွဲ (Class Placement Test) ကို ဖြေဆိုရမည်ဖြစ်ပြီး၊ ရလဒ်အပေါ်မူတည်၍ မိမိ၏ အဆင့်နှင့် ကိုက်ညီသော အတန်းသို့ တက်ရောက်ရပါမည်။
- အတန်းများကို မနက်ပိုင်းနှင့် ညနေပိုင်း ဟူ၍ နှစ်ပိုင်းခွဲထားသော်လည်း၊ မိမိစိတ်ကြိုက် နံနက်ပိုင်း သို့မဟုတ် နေ့လယ်ပိုင်းကို ရွေးချယ်၍ မရပါ။
- စာသင်ရက်များမှာ တနင်္လာနေ့မှ သောကြာနေ့အထိ ဖြစ်ပြီး၊ စနေ၊ တနင်္ဂနွေ၊ အစိုးရရုံးပိတ်ရက်များ (အမျိုးသားအားလပ်ရက်များ)နှင့် ကျောင်းမှ သတ်မှတ်ထားသော ပိတ်ရက်များကို ချန်လှပ်ထားပါသည်။)

သင်တန်းချိန်:

| သင်တန်း | မနက်အတန်း | ညနေအတန်း |
|---|---|---|
| အချိန် | 8:40 ～ 10:20,　10:40 ～ 12:20 | 13:10 ～ 14:50,　15:10 ～ 16:50 |

## Ⅳ လျှောက်ထားရန် လိုအပ်သော သတ်မှတ်ချက်များ

1. အခြေခံပညာရေး (၁၂) နှစ်၊ သို့မဟုတ် ၎င်းနှင့် ညီမျှသော သင်ရိုးများကို ပြီးမြောက်ထားသူ။
2. တရားဝင် လုပ်ထုံးလုပ်နည်းများမှတစ်ဆင့် ဂျပန်နိုင်ငံသို့ ဝင်ရောက်ခွင့်ပြုခံရသူ၊ သို့မဟုတ် ဝင်ရောက်ခွင့်ရရှိရန် အလားအလာရှိသူ။
3. ကျောင်းဝင်ခွင့်ရပြီးနောက် နေထိုင်မှုအတွက် လိုအပ်သော ငွေကြေးကို ပြင်ဆင်ထားသူ၊ သို့မဟုတ် နိုင်ငံတွင်းသို့ ဝင်ရောက်ပြီးနောက် ကုန်ကျစရိတ်များကို ထောက်ပံ့ပေးမည့်သူ (Sponsor) ရှိသူ။
4. ကိုယ်စိတ်နှစ်ပါး ကျန်းမာပြီး ပညာသင်ကြားရေးကို အပြည့်အဝ အာရုံစိုက်နိုင်သူ။
5. ဤကျောင်း၏ "လျှောက်ထားစဉ် သဘောတူညီရမည့် အချက်များ" ကို နားလည်ပြီး သဘောတူလက်ခံသူ။
6. ကျောင်းဝန်ထမ်းများအနေဖြင့် သင့်မိခင်ဘာသာစကားဖြင့် မပြောဆိုနိုင်ပါက၊ အင်္ဂလိပ်ဘာသာစကားဖြင့် ဆက်သွယ်ပြောဆိုနိုင်စွမ်း ရှိသူ။
7. လျှောက်ထားချိန်တွင် အောက်ဖော်ပြပါ ဂျပန်ဘာသာစကား အရည်အချင်း ရှိသူ။

| သင်တန်းအမည် | ဂျပန်ဘာသာစကား အရည်အချင်း သတ်မှတ်ချက် |
|---|---|
| အဆင့်မြင့်ပညာဆက်လက်သင်ကြားရေး ၂ နှစ် သင်တန်း | ဂျပန်ဘာသာသင်ကြားမှုဆိုင်ရာ ရည်ညွှန်းစံ အဆင့် A1 (JLPT-N5 အောင်မြင်ပြီးသူ) နှင့် ညီမျှသော သို့မဟုတ် ၎င်းထက်ပိုမိုမြင့်မားသည့် ဂျပန်စာအရည်အချင်းရှိသူ ဖြစ်ရမည်။ |
| အဆင့်မြင့်ပညာဆက်လက်သင်ကြားရေး ၁ နှစ်နှင့်၉လ သင်တန်း | ဂျပန်ဘာသာသင်ကြားမှုဆိုင်ရာ ရည်ညွှန်းစံ A1 အဆင့် (JLPT N5 120 မှတ်) နှင့်ညီမျှသော သို့မဟုတ် ထိုထက်မြင့်သော ဂျပန်စာအရည်အချင်းရှိသူ ဖြစ်ရမည်။ |
| အဆင့်မြင့်ပညာဆက်လက်သင်ကြားရေး ၁ နှစ်နှင့်၆လ သင်တန်း | ဂျပန်ဘာသာသင်ကြားမှုဆိုင်ရာ ရည်ညွှန်းစံ အဆင့် A2 (JLPT-N4 အောင်မြင်ပြီးသူ) နှင့် ညီမျှသော သို့မဟုတ် ၎င်းထက်ပိုမိုမြင့်မားသည့် ဂျပန်စာအရည်အချင်းရှိသူ ဖြစ်ရမည်။ |
| အဆင့်မြင့်ပညာဆက်လက်သင်ကြားရေး ၁ နှစ်နှင့်၃လ သင်တန်း | ဂျပန်ဘာသာစကားသင်ကြားမှုဆိုင်ရာ ရည်ညွှန်းစံ အဆင့် A2 (JLPT-N4 အောင်မြင်ပြီးသူ) နှင့် ညီမျှသော သို့မဟုတ် ၎င်းထက်ပိုမိုမြင့်မားသည့် ဂျပန်စာအရည်အချင်းရှိပြီး၊ ထို့အပြင် အဆင့် B1 ကို သင်ယူလေ့လာနေဆဲ ဖြစ်သူ။ |
| တိုခုတေးဂိန်းအလုပ်ဝင်ရောက်ရန် ပြင်ဆင်ခြင်း ၁နှစ်အတန်း | ဂျပန်ဘာသာသင်ကြားမှုဆိုင်ရာ ရည်ညွှန်းစံ အဆင့် A1 (JLPT-N5 အောင်မြင်ပြီးသူ) နှင့် ညီမျှသော သို့မဟုတ်၎င်းထက်ပိုမိုမြင့်မားသည့် ဂျပန်စာအရည်အချင်းရှိသူ ဖြစ်ရမည်။ |

## Ⅴ ကျောင်းဝင်ခွင့် ရွေးချယ်ခြင်း

1. စာရွက်စာတမ်း စစ်ဆေးရွေးချယ်ခြင်း

2. ဂျပန်စာ အရည်အချင်းစစ်စာမေးပွဲ (နှုတ်ဖြေမေးခွန်းများ နှင့် ဂျပန်စာအဆင့်စစ်ဆေးသည့် ကတ်ပြားကို အသုံးပြု၍ Level စစ်ဆေးခြင်း)
3. အင်တာဗျူး
   ※ဂျပန်စာစာမေးပွဲနှင့် အင်တာဗျူးကို လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ အွန်လိုင်းမှတစ်ဆင့်ဖြစ်စေ စစ်ဆေးသွားမည်ဖြစ်သည်။
   ※အင်တာဗျူးတွင် ဖြစ်နိုင်ပါက ကုန်ကျစရိတ်ထောက်ပံ့မည့်သူ (Sponsor) ပါ အတူတူ တက်ရောက်ပေးပါရန်။

※လျှောက်ထားသူ၏ မိခင်ဘာသာစကားနှင့် ပတ်သက်၍ ဤကျောင်းမှ ဝန်ထမ်းများအနေဖြင့် ပြောဆို ဆက်သွယ်နိုင်ခြင်း မရှိပါက၊ အင်တာဗျူးချိန်တွင် အင်္ဂလိပ်စာအရည်အချင်းကို စစ်ဆေးသွားမည် ဖြစ်သည်။

## VI လျှောက်ထားရန်လိုအပ်သော စာရွက်စာတမ်းများ

◆ အောက်ပါအချက်များကို သတိပြု၍ စာရွက်စာတမ်းများကို ပြင်ဆင်ပါ။

- ယခင်က ဂျပန်ဗီဇာ လျှောက်ထားဖူးသူများသည် ရလဒ်မည်သို့ပင်ဖြစ်စေကာမူ ကျောင်းဝင်ခွင့်လျှောက်ထားချိန်တွင် မိမိ၏ ဗီဇာလျှောက်ထားမှု ရာဇဝင်အားလုံးကို မဖြစ်မနေ အသိပေးရမည်။
- ကျောင်းဝင်ခွင့်လျှောက်လွှာအပါအဝင် အောက်ပါဇယား၏ မှတ်ချက်ကဏ္ဍတွင် "ကျောင်းသတ်မှတ်ပုံစံ  ဟု ဖော်ပြထားသော စာရွက်စာတမ်းများအတွက် သီးသန့်သတ်မှတ်ထားသော Excel ဖိုင်ကို အသုံးပြု၍ ရေးသားပါ။
- လျှောက်ထားသူနှင့် ကုန်ကျစရိတ်ထောက်ပံ့မည့်သူ (Sponsor) ကိုယ်တိုင်က လျှောက်လွှာပါ အချက်အလက်များကို သေချာစွာစစ်ဆေးပြီး ကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။
  - ကာယကံရှင်ကိုယ်တိုင်၏ လက်မှတ်မပါရှိသော စာရွက်စာတမ်းများကို လက်ခံမည်မဟုတ်ပါ။
  - ဤစာရွက်စာတမ်းများရေးသားရာတွင် အသုံးပြုခဲ့သော Excel ဖိုင်များကို လျှောက်လွှာတင်ချိန်တွင် ကျောင်းထံသို့ အီးမေးလ်ဖြင့် ပေးပို့ရမည်။
- လျှောက်ထားရာတွင် လိုအပ်သော စာရွက်စာတမ်းများကို မူရင်းဖြင့် တင်ပြပေးပါ။အချို့သော မူရင်းစာရွက်စာတမ်းများ (ဥပမာ - ဘွဲ့လက်မှတ်၊ ကျောင်းပြီးကြောင်းထောက်ခံစာ စသည်) ကို ပြန်လည်ရယူလိုပါက၊ တင်ပြသည့်အချိန်တွင် ကြိုတင်အကြောင်းကြားပေးပါ။
- ဂျပန်ဘာသာစကားမှလွဲ၍ အခြားဘာသာစကားဖြင့် ရေးသားထားသော စာရွက်စာတမ်းများအားလုံးအတွက် <u>ဂျပန်ဘာသာပြန်ဆိုချက်ကို ပူးတွဲတင်ပြရမည်။</u>
- လျှောက်ထားသူ၏ အခြေအနေပေါ်မူတည်၍ စာရင်းတွင်မပါဝင်သော အခြားစာရွက်စာတမ်းများကိုပါ ထပ်မံတောင်းခံနိုင်ပါသည်။
- စာရွက်စာတမ်းများ၏ သက်တမ်းမှာ လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်စီမံခန့်ခွဲမှုအေဂျင်စီ (လဝက) သို့ တင်ပြသည့်ရက်မှ နောက်ကြောင်းပြန်၍ ၃ လအတွင်း ဖြစ်ရပါမည်။
- တင်ပြလာသော လျှောက်လွှာစာရွက်စာတမ်းများပါ အချက်အလက်များနှင့်ပတ်သက်၍ ကျွန်ုပ်တို့ကျောင်းမှ သီးခြားစုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျောင်း၏ စစ်ဆေးမှုအရ လျှောက်လွှာစာရွက်စာတမ်းပါ အချက်အလက်များအပေါ် သံသယဖြစ်ဖွယ် (မမှန်ကန်မှုများ) တွေ့ရှိပါက၊ ကျောင်းမှ လက်ခံပြီးနောက်တွင်ဖြစ်စေ၊ လဝကသို့ လျှောက်လွှာတင်ပြပြီးနောက်တွင်ဖြစ်စေ ကျောင်းဝင်ခွင့် (အောင်မြင်မှု) ကို ပယ်ဖျက်ပြီး လဝကသို့ အရည်အချင်းပြည့်မီကြောင်း လျှောက်ထားမှုကို ပြန်လည်ရုပ်သိမ်းသွားပါမည်။

◆ လျှောက်ထားသူ ကိုယ်တိုင်၏ စာရွက်စာတမ်းများ

| | စာရွက်စာတမ်းအမည် | မှတ်ချက် |
|---|---|---|
| 1 | ကျောင်းဝင်ခွင့်လျှောက်လွှာ | ကျောင်းမှသတ်မှတ်ထားသော ဖောင်/ပုံစံ |
| 2 | ကျန်းမာရေးအခြေအနေ ကြေညာချက် | ကျောင်းမှသတ်မှတ်ထားသော ဖောင်/ပုံစံ |
| 3 | လျှောက်ထားစဉ် သဘောတူညီချက်များ | ကျောင်းမှသတ်မှတ်ထားသော ဖောင်/ပုံစံ |
| 4 | နောက်ဆုံးတက်ရောက်ခဲ့သော ကျောင်း၏ ဘွဲ့လက်မှတ် / ကျောင်းဆင်းလက်မှတ် | |

| | | |
|---|---|---|
| 5 | နောက်ဆုံးတက်ရောက်ခဲ့သော ကျောင်း၏ အမှတ်စာရင်း | ဂျပန်ဘာသာသို့ ပြန်ဆိုရန် မလိုအပ်ပါ။ |
| 6 | ကျောင်းတက်ရောက်နေကြောင်း ထောက်ခံစာ | လက်ရှိကျောင်းတက်နေသူများအတွက်သာ လိုအပ်ပါသည်။ |
| 7 | အလုပ်လုပ်ကိုင်နေကြောင်း ထောက်ခံစာ | အလုပ်အကိုင် အတွေ့အကြုံရှိမှသာ လိုအပ်ပါသည်။ |
| 8 | **ဂျပန်ဘာသာစကားအရည်အချင်းကို သက်သေပြနိုင်သော စာရွက်စာတမ်းများ**<br>(1) JLPT ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ အောင်လက်မှတ် - N5 နှင့်အထက်<br>(2) BJT စီးပွားရေးသုံး ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ - ရမှတ် ၃၀၀ နှင့်အထက်<br>(3) J.TEST အောင်လက်မှတ် - Level F နှင့်အထက် / FG Level ရမှတ် ၂၅၀ နှင့်အထက်<br>(4) ဂျပန်စာ NAT-TEST အောင်လက်မှတ် - Level 5 နှင့်အထက်<br>(5) STBJ စံသတ်မှတ်ထားသော စီးပွားရေးသုံး ဂျပန်စာစာမေးပွဲ - ရမှတ် ၃၅၀ နှင့်အထက်<br>(6) TOPJ လက်တွေ့သုံး ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ - Beginner A နှင့်အထက်<br>(7) J-cert နေထိုင်မှုနှင့် လုပ်ငန်းခွင်သုံး ဂျပန်စာစာမေးပွဲ - Beginner နှင့်အထက်<br>(8) JLCT နိုင်ငံခြားသားများအတွက် ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ - JCT5 နှင့်အထက်<br>(9) လက်တွေ့သုံး ဂျပန်စာဆက်သွယ်ရေးစာမေးပွဲ Bridge (PJC Bridge) - "C-" နှင့်အထက်<br>(10) JPT ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ - ရမှတ် ၃၁၅ နှင့်အထက်<br>(11) JPT Elementary - ရမှတ် ၆၈ နှင့်အထက်<br>(12) ဂျပန်စာ အွန်လိုင်းစာမေးပွဲ (J-Test Online) - JT5 နှင့်အထက်<br>(13) Sundai ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ (S-JEP) - ရမှတ် ၃၀၀ နှင့်အထက် | ※ဘေးဘက် (၁) မှ (၁၃) အထိထဲမှ တစ်ခုခုကို တင်ပြပေးပါ။<br><br>※ဤနေရာတွင် တောင်းဆိုထားသော ဂျပန်စာအရည်အချင်း သည် တင်ပြရမည့် စာရွက်စာတမ်းများအတွက် အနည်းဆုံး လိုအပ်သော အဆင့်သတ်မှတ်ချက်သာဖြစ်ပြီး၊ ကျောင်းဝင်ခွင့် ရွေးချယ်ရာတွင် တောင်းဆိုမည့် ဂျပန်စာအဆင့် မဟုတ်ပါ။<br><br>※ဂျပန်စာသင်တန်းကျောင်းများမှ ထုတ်ပေးသော ဂျပန်စာ သင်ယူခဲ့ကြောင်း ထောက်ခံစာဖြင့် အစားထိုး တင်ပြ၍ မရနိုင်ကြောင်း သတိပြုပါ။ |
| 9 | ဂျပန်စာ သင်ယူခဲ့ကြောင်း ထောက်ခံစာ | အောက်ဖော်ပြပါ အချက်များနှင့်ပတ်သက်၍ ထောက်ခံချက်ပေးရန် လိုအပ်ပါသည်။<br>・သင်ယူခဲ့သော ကာလ<br>・စာရွက်စာတမ်း ထုတ်ပေးသည့်အချိန်အထိ စုစုပေါင်း သင်ယူခဲ့သော အချိန်နာရီ<br>・သင်ယူခဲ့သော အတန်း၏ အဆင့်<br>・သင်ယူရာတွင် အသုံးပြုခဲ့သော ပြဋ္ဌာန်းစာအုပ်အမည် |
| 10 | ပတ်စ်ပို့ (နိုင်ငံကူးလက်မှတ်) မိတ္တူ | ကိုယ်ရေးအချက်အလက် စာမျက်နှာနှင့် ပြင်ဆင်ချက်/ ဖြည့်စွက်ချက်များရှိပါက ၎င်းဖြည့်စွက်ချက်စာမျက်နှာ |
| 11 | ဓာတ်ပုံဒေတာ | လွန်ခဲ့သော ၃ လအတွင်း ရိုက်ကူးထားသောဓာတ်ပုံ<br>・မျက်နှာတည့်၊ ဦးထုပ်မပါ၊ နောက်ခံမပါ (နောက်ခံပြောင်)<br>・Jpeg ပုံစံ (Format)<br>・အကျယ် ၄၈၀ မှ ၆၀၀၀ Pixel<br>・အမြင့် ၄၈၀ မှ ၆၀၀၀ Pixel<br>※ဓာတ်ပုံအား ပြင်ဆင်မွမ်းမံထားပါက လက်ခံမည်မဟုတ်ပါ။ |

◆ ငွေကြေးထောက်ပံ့သူ (sponsor) ၏ စာရွက်စာတမ်းများ

| | စာရွက်စာတမ်းအမည် | မှတ်ချက် |
|---|---|---|
| 1 | ငွေကြေးထောက်ပံ့မှုဆိုင်ရာ ထောက်ခံချက် | ကျောင်းမှသတ်မှတ်ထားသော ဖောင်/ပုံစံ |
| 2 | ငွေကြေးထောက်ပံ့သူနှင့် လျှောက်ထားသူတို့၏ ဆက်သွယ်မှုကို သက်သေပြနိုင်သော စာရွက်စာတမ်းများ (မွေးစာရင်း၊ မိသားစုဆက်သွယ်မှု အထောက်အထား စသည်)။ | |
| 3 | ဘဏ်ငွေလက်ကျန် အထောက်အထား | ဘဏ်ငွေလက်ကျန်ရှင်းတမ်းတွင် ပထမနှစ်အတွက် ကျောင်းလခနှင့် နေထိုင်စရိတ်များအတွက် လုံလောက်သော |

| | စာရွက်စာတမ်းအမည် | မှတ်ချက် |
|---|---|---|
| | | ငွေပမာဏရှိရပါမည်။ |
| 4 | လွန်ခဲ့သောတစ်နှစ်တာကာလအတွင်း<br>ငွေကြေးစုဆောင်းမှုဖြစ်စဥ်ကို သက်သေပြနိုင်သော<br>စာရွက်စာတမ်းများ<br>(1)ပြီးခဲ့သော ၁ နှစ်စာ ငွေသွင်း/ထုတ် မှတ်တမ်း<br>(2)ပြီးခဲ့သော ၁ နှစ်စာ ဘဏ်စာအုပ် မိတ္တူ | (၁) ငွေသွင်း/ထုတ် မှတ်တမ်း (သို့မဟုတ်) (၂) ဘဏ်စာအုပ်မိတ္တူ<br>နှစ်ခုအနက် တစ်ခုခုကို တင်ပြရပါမည်။ |
| 5 | ငွေကြေးထောက်ပံ့သူ၏ အလုပ်အကိုင်ကို သက်သေပြနိုင်သော<br>စာရွက်စာတမ်းများ<br>(1)ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံစာ<br>(2)လုပ်ငန်းလိုင်စင်<br>(3)ကုမ္ပဏီ ဒါရိုက်တာဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်စာရွက်<br>စသည်။ | (၁) မှ (၃) ထဲမှ တစ်ခုခုကို တင်ပြပေးပါ။ |
| 6 | ပြီးခဲ့သော ၁ နှစ်တာအတွင်း ဝင်ငွေရရှိမှုကို<br>သက်သေပြနိုင်သော စာရွက်စာတမ်းများ | 【ဂျပန်နိုင်ငံပြင်ပတွင် နေထိုင်သော ငွေကြေးထောက်ပံ့သူ<br>(Sponsor) ဖြစ်ပါက】<br>ဝင်ငွေပမာဏနှင့် အခွန်ပမာဏကို စီမံခန့်ခွဲသည့် အစိုးရဌာန<br>(သို့မဟုတ်) တရားဝင်အဖွဲ့အစည်းမှ ထုတ်ပေးထားသော<br>အထောက်အထားများကို တတ်နိုင်သမျှ တင်ပြပေးရပါမည်။<br>【ဂျပန်နိုင်ငံအတွင်းတွင် နေထိုင်သော ငွေကြေးထောက်ပံ့သူ<br>(Sponsor) ဖြစ်ပါက】<br>မြို့နယ်/ရပ်ကွက်ရုံးမှ ထုတ်ပေးသော စုစုပေါင်းဝင်ငွေ<br>ဖော်ပြချက်ပါသည့် အခွန်ထမ်းဆောင်ကြောင်း ထောက်ခံစာ(<br>Kazei Shomeisho) ကို တင်ပြရပါမည်။အကယ်၍<br>ယင်းအခွန်ထမ်းဆောင်ကြောင်း ထောက်ခံစာ မရှိပါက၊ အခွန်ရုံး<br>(Tax Office) မှ ထုတ်ပေးသော အခွန်ပေးဆောင်ပြီးကြောင်း<br>ထောက်ခံစာ (Nozei Shomeisho) အမှတ် (၁) နှင့် အမှတ် (၂)<br>တို့ကို တင်ပြရပါမည်။ |

# Ⅶ ကျောင်းဝင်ခွင့်မှ ကျောင်းတက်သည်အထိ

◆ လျှောက်ထားခြင်းမှ ကျောင်းဝင်သည်အထိ လုပ်ငန်းစဉ်

| | |
|---|---|
| STEP 1 စာရွက်စာတမ်းတင်သွင်း/<br>⇓ လျှောက်လွှာကြေးပေးသွင်း | လိုအပ်သော စာရွက်စာတမ်းများကို သတ်မှတ်ရက်အတွင်း တင်သွင်းပြီး၊<br>လျှောက်လွှာစစ်ဆေးခကို သတ်မှတ်ထားသော ဘဏ်အကောင့်သို့<br>ပေးသွင်းပါ။ |
| STEP 2 ကျောင်းမှစစ်ဆေးခြင်း ⇓ | စာရွက်စာတမ်းများ လက်ခံရရှိပြီးနောက် စစ်ဆေးရွေးချယ်ကာ<br>လက်ခံနိုင်/မနိုင်ကို ဆုံးဖြတ်ပါသည်။ အောင်မြင်ပါက လျှောက်လွှာကို<br>လူဝင်မှုကြီးကြပ်ရေးဌာနသို့ တင်သွင်းပါသည်။ |
| STEP လူဝင်မှုကြီးကြပ်ရေးဌာနသို့လျှောက်<br>⇓ ထားခြင်း | လူဝင်မှုကြီးကြပ်ရေးဌာန၏ စစ်ဆေးမှုအပြီး ခွင့်ပြုချက်ရရှိသူများအား<br>နေထိုင်ခွင့်အသိအမှတ်ပြုလက်မှတ် (COE) ထုတ်ပေးပါသည်။<br>ကျောင်းအဆောင် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လေဆိပ်ကြိုဆိုခြင်းကို<br>လိုအပ်သူများသည် လျှောက်လွှာကို သတ်မှတ်ရက်အတွင်း တင်သွင်းပါ။ |
| STEP 4 COE ထုတ်ပေးခြင်းနှင့်ကျောင်းလခ<br>⇓ ပေးသွင်းခြင်း | COEရရှိသူများသည်ကျောင်းဝင်ခွင့်ကြေး၊ကျောင်းလခ၊အဆောက်အဦအ<br>သုံးပြုခ၊ သင်ထောက်ကူပစ္စည်းကြေးနှင့် အာမခံကြေးကို ဘဏ်လွှဲ<br>သို့မဟုတ် Flywire မှတစ်ဆင့် ပေးသွင်းရပါမည်။ ငွေလက်ခံရရှိသည်ကို<br>အတည်ပြုပြီးနောက် COE၊ ကျောင်းဝင်ခွင့်လက်မှတ်နှင့်<br>ကျောင်းစတင်တက်ရောက်ရန် အစီအစဉ်တို့ကို ပေးပို့ပါမည်။ |
| STEP 5 ဗီဇာလျှောက်ထားခြင်း<br>⇓ | မိမိနေထိုင်သည့်နိုင်ငံရှိ ဂျပန်သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးတွင်<br>ကျောင်းသားဗီဇာကို လျှောက်ထားပါ။ |
| STEP 6 ဗီဇာထုတ်ပေးခြင်း<br>⇓ | ဂျပန်သို့ ဝင်ရောက်မည့် လေယာဉ်ခရီးစဉ်နှင့် ဂျပန်နိုင်ငံတွင်<br>ဆက်သွယ်နိုင်မည့် လိပ်စာ/ဖုန်းနံပါတ်တို့ကို အကြောင်းကြားပေးပါ။ |

| STEP 7 နိုင်ငံဝင်ရောက်ခြင်း/ကျောင်းဝင်ခြင်း | ကျောင်းဝင်အခမ်းအနား၊ မိတ်ဆက်ရှင်းလင်းပွဲနှင့်ကျောင်း သင်ခန်းစာစတင်ခြင်း |
|---|---|

◆ အချိန်ဇယား

| | 2027ခုနှစ်4လပိုင်းကျောင်းဝင် | 2027ခုနှစ်7လပိုင်းကျောင်းဝင် | 2027ခုနှစ်10လပိုင်းကျောင်းဝင် | 2028ခုနှစ်1လပိုင်းကျောင်းဝင် |
|---|---|---|---|---|
| လျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက် | 2026ခုနှစ်10လပိုင်းလယ် | 2027ခုနှစ်1လပိုင်းအစောပိုင်း | 2027ခုနှစ်4လပိုင်းအစောပိုင်း | 2027ခုနှစ်8လပိုင်းအစောပိုင်း |
| လူဝင်မှုကြီးကြပ်ရေးဌာနသို့ လျှောက်ထားခြင်း | 2026ခုနှစ်11လပိုင်းလယ် | 2027ခုနှစ်3လပိုင်းအစောပိုင်း | 2027ခုနှစ်6လပိုင်းအစောပိုင်း | 2027ခုနှစ်9လပိုင်းလယ် |
| COEထုတ်ပေးခြင်းနှင့်ကျောင်းလခပေးသွင်းခြင်း | 2027ခုနှစ်2လပိုင်းလယ် | 2027ခုနှစ်5လပိုင်းလယ် | 2027ခုနှစ်8လပိုင်းလယ် | 2027ခုနှစ်11လပိုင်းလယ် |
| နိုင်ငံဝင်ရောက်ရမည့်ရက် | 2027ခုနှစ်4လပိုင်းအစောပိုင်း | 2027ခုနှစ်7လပိုင်းအစောပိုင်း | 2027ခုနှစ်10လပိုင်းအစောပိုင်း | 2028ခုနှစ်1လပိုင်းအစောပိုင်း |

＊သတ်မှတ်ထားသော စာရွက်စာတမ်းတင်သွင်းရမည့် နောက်ဆုံးရက်မတိုင်မီ လူဦးရေပြည့်ပါကလက်ခံမှုကိုပိတ်နိုင်သဖြင့်အမြန်ဆုံး လျှောက်ထားပါရန်။

＊အထက်ပါအစီအစဉ်သည်လူဝင်မှုကြီးကြပ်ရေးဌာန၏အချိန်ဇယားပြောင်းလဲမှုကြောင့်ကြိုတင်အသိပေးခြင်းမရှိဘဲပြောင်းလဲနိုင်ပါသည်။

＊သတ်မှတ်ထားသော ဝင်ရောက်ရမည့်ရက်နောက်ပိုင်းအတည်ပြုထားသော အစီအစဉ်ကို COE ပေးပို့သည့်အချိန်တွင် တစ်ပါတည်း ပို့ ပေးပါမည်။

# Ⅷ ပေးသွင်းရမည့်အခကြေးငွေ

| လျှောက်လွှာစစ်ဆေးခ | 22,000ယန်း |
|---|---|

- လျှောက်ထားချိန်တွင် လျှောက်လွှာစစ်ဆေးခကို ပေးသွင်းပါ။

| သင်တန်းအမျိုးအစား | | ကျောင်းဝင်ကြေး | သင်တန်းကြေး | အဆောက်အဦးအသုံးပြုခ | သင်ထောက်ကူပစ္စည်း | အာမခံကြေး | စုစုပေါင်း | ပေးသွင်းရမည့်ကာလ |
|---|---|---|---|---|---|---|---|---|
| ကျောင်းဆက်တက်ခြင်းနှစ်သင်တန်း | 1နှစ်မြောက် | 70,000ယန်း | 720,000ယန်း | 50,000ယန်း | 52,000ယန်း | 10,000ယန်း | 902,000ယန်း | နိုင်ငံမဝင်ခင်(COEထုတ်ပြီးနောက်) |
| | 2နှစ်မြောက် | - | 720,000ယန်း | 50,000ယန်း | 52,000ယန်း | 10,000ယန်း | 832,000ယန်း | ကျောင်းဝင်ပြီး11လမြောက်အဆုံး(2လပိုင်းကုန်) |
| ကျောင်းဆက်တက်ခြင်း1နှစ်9လသင်တန်း | 1နှစ်မြောက် | 70,000ယန်း | 720,000ယန်း | 50,000ယန်း | 52,000ယန်း | 10,000ယန်း | 902,000ယန်း | နိုင်ငံမဝင်ခင်(COEထုတ်ပြီးနောက်) |
| | 2နှစ်မြောက် | - | 540,000ယန်း | 37,500ယန်း | 39,000ယန်း | 7,900ယန်း | 624,400ယန်း | ကျောင်းဝင်ပြီး11လမြောက်အဆုံး(5လပိုင်းကုန်) |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကျောင်းဆက်တက်ခြင်း1နှစ်6လ သင်တန်း | 1နှစ်မြောက် | 70,000ယန်း | 720,000ယန်း | 50,000ယန်း | 52,000ယန်း | 10,000ယန်း | 902,000ယန်း | နိုင်ငံမဝင်ခင်(COEထုတ်ပြီးနောက်) |
| | 2နှစ်မြောက် | - | 360,000ယန်း | 25,000ယန်း | 26,000ယန်း | 5,800ယန်း | 416,800ယန်း | ကျောင်းဝင်ပြီး11လမြောက်အဆုံး(8လပိုင်းကုန်) |
| ကျောင်းဆက်တက်ခြင်း1နှစ်3လ သင်တန်း | 1နှစ်မြောက် | 70,000ယန်း | 720,000ယန်း | 50,000ယန်း | 52,000ယန်း | 10,000ယန်း | 902,000ယန်း | နိုင်ငံမဝင်ခင်(COEထုတ်ပြီးနောက်) |
| | 2နှစ်မြောက် | - | 180,000ယန်း | 12,500ယန်း | 13,000ယန်း | 3,300ယန်း | 208,800ယန်း | ကျောင်းဝင်ပြီး11လမြောက်အဆုံး(11လပိုင်းကုန်) |
| တိုခုတေးဂိုနိုးဖြင့်အလုပ်ဝင် 1နှစ်သင်တန်း | 1နှစ်မြောက် | 70,000ယန်း | 720,000ယန်း | 50,000ယန်း | 52,000ယန်း | 10,000ယန်း | 902,000ယန်း | နိုင်ငံမဝင်ခင်(COEထုတ်ပြီးနောက်) |

＊ COE:(နေထိုင်ခွင့်အသိအမှတ်ပြုလက်မှတ်) (Certificate of Eligibility)

- အထက်ပါ ငွေကြေးအားလုံးသည် အခွန်ပါဝင်ပြီးသော စုစုပေါင်းဈေးနှုန်းဖြစ်ပါသည်။
- အထက်ပါ ပေးသွင်းငွေသည် 2027ဧပြီမှ 2028 မတ်အထိဖြစ်ပြီး၊ 2028 ဧပြီနောက်ပိုင်းတွင် ငွေကြေးပြောင်းလဲနိုင်ပြီး ထိုအချိန်တွင် တက်ရောက်နေသောနှစ်၏ အသစ်သတ်မှတ်ထားသော ငွေကြေးအတိုင်း ပေးသွင်းရမည်ဖြစ်ပါသည်။
- တစ်ကြိမ် ကျောင်းဝင်ကြေးပေးပြီးနောက် ပြန်လည်လျှောက်ထားခြင်း သို့မဟုတ် ပြန်လည်ကျောင်းဝင်ခွင့်ယူသည့်အခါတွင် ကျောင်းဝင်ကြေး ထပ်မံပေးရန်မလိုပါ (ပထမအကြိမ်လျှောက်ထားချိန်မှ ၂ နှစ်အတွင်းသာ သက်ဆိုင်ပါသည်)။
- သင်ထောက်ကူပစ္စည်းကြေးတွင် ပုံနှိပ်စာအုပ်များ၊ အတန်းတွင်း အစမ်းစာမေးပွဲများနှင့် မိတ္တူစာရွက်/စာအုပ်ငယ်များ၏ ကုန်ကျစရိတ်များ ပါဝင်ပါသည်။
- အာမခံကြေးသည် "ဂျပန်ဘာသာသင်ကျောင်းများပူးပေါင်းအဖွဲ့၏ နိုင်ငံခြားကျောင်းသားအာမခံစနစ်" ကိုဝင်ရောက်ရန် ပေးရသောကြေးဖြစ်သည်။အာမခံသက်တမ်းတစ်ဝက်တွင် အာမခံကို ပယ်ဖျက်၍မရပါ။ထို့အပြင် ဂျပန်သို့မဝင်မီရှိခဲ့သော ရောဂါများ၊ သွားကုသမှုများနှင့် ကလေးမွေးဖွားခြင်းတို့ကဲ့သို့သော ကုသစရိတ်သည်အာမခံမပါဝင်ပါ။ အသေးစိတ်ကို ဂျပန်ရောက်ပြီးနောက် ရှင်းပြပါမည်။
- အထူးအစမ်းအနားများအတွက် ကုန်ကျစရိတ်ကို သီးသန့်ပေးချေရနိုင်ပါသည်။
- ငွေပေးချေမှုကို ကျောင်းမှသတ်မှတ်ထားသော ဘဏ်အကောင့်သို့ လွှဲပြောင်းခြင်း သို့မဟုတ် Flywire (www.flywire.com) ဝန်ဆောင်မှုဖြင့် ပေးချေနိုင်ပါသည်။ အသေးစိတ်ကို ငွေတောင်းခံလွှာတွင် ဖော်ပြထားပါမည်။

## IX　ငွေပေးချေမှုအတွက် ပြန်အမ်းငွေစည်းမျဉ်းများ

(1)COE ထုတ်ပေးပြီးသော်လည်း ဗီဇာမလျှောက်ဘဲ ဂျပန်သို့မဝင်ရောက်ခဲ့ပါက

သတ်မှတ်ချက်: ကျောင်းဝင်ခွင့်လက်မှတ် နှင့်COE ကို ပြန်လည်အပ်နှံရမည်။

ပြန်အမ်းငွေ:　ကျောင်းဝင်ကြေး နှင့် လျှောက်လွှာစစ်ဆေးခမပါဝင်ဘဲ ကျန်ပေးသွင်းငွေများကို ပြန်အမ်းပေးပါမည်။

(2)သံရုံး/ကောင်စစ်ဝန်ရုံးတွင် ဗီဇာလျှောက်ထားခဲ့သော်လည်း ခွင့်ပြုခြင်းမရသဖြင့် ဂျပန်မလာနိုင်ခဲ့ပါက

သတ်မှတ်ချက်:ကျောင်းဝင်ခွင့်လက်မှတ်နှင့် COE ကို ပြန်အပ်ရမည်။

သံရုံး/ကောင်စစ်ဝန်ရုံးမှ ဗီဇာမထုတ်ပေးကြောင်း အထောက်အထားကို တင်ပြရမည်။

ပြန်အမ်းငွေ - ကျောင်းဝင်ကြေးနှင့် လျှောက်လွှာစစ်ဆေးခ မပါဝင်ဘဲ ကျန်ပေးသွင်းငွေများကို ပြန်အမ်းပေးပါမည်။

(3)ဗီဇာရရှိပြီးနောက် ဂျပန်မလာမီ ကျောင်းတက်ရန် ပယ်ဖျက်ခဲ့ပါက

သတ်မှတ်ချက်:ကျောင်းဝင်ခွင့်လက်မှတ်နှင့် COE ကို ပြန်အပ်ရမည်။

ရရှိထားသော ဗီဇာကို အသုံးမပြုရသေးကြောင်း ကျောင်းမှ အတည်ပြုနိုင်ရမည်။

ပြန်အမ်းငွေ - ကျောင်းဝင်ကြေးနှင့် လျှောက်လွှာစစ်ဆေးခ မပါဝင်ဘဲ ကျန်ပေးသွင်းငွေများကို ပြန်အမ်းပေးပါမည်။

(4)ကျောင်းတက်ပြီး 6 လအတွင်း ကျောင်းထွက်ပါက

- ၆ လစာသင်တန်းကြေး၊ အဆောက်အဦအသုံးပြုခနှင့် သင်ထောက်ကူပစ္စည်းကြေးကို ပြန်အမ်းမည်မဟုတ်ပါ။
- ကျောင်းတက်ပြီးနောက်နိုင်ငံခြားကျောင်းသားအာမခံကြေးကိုလည်း ကျောင်းတက်ခဲ့သည့်ကာလမည်မျှဖြစ်စေ ပြန်အမ်းမည်မဟုတ်ပါ။

(5)ကျောင်းတက်ပြီး 6 လကျော်မှ ကျောင်းထွက်ပါက

သတ်မှတ်ချက်:အောက်ပါအချက်အားလုံးကို ပြည့်မီရမည်။

① စာသင်ကာလမစမီ တစ်ရက်အလိုတွင် ကျောင်းထွက်လျှောက်လွှာကို တင်ထားရမည်။
② ကျောင်းသားဗီဇာဖြင့်ပြန်ဝင်မရသောအခြေအနေဖြင့် နိုင်ငံပြန်သွားခြင်း သို့မဟုတ် အခြားနေထိုင်ခွင့်ဗီဇာ သို့ ပြောင်းထားကြောင်းကို ကျောင်းမှ အတည်ပြုနိုင်ရမည်။
③ ကျောင်းအုပ်ကြီး၏ ခွင့်ပြုချက်ရရှိရမည်။

ပြန်အမ်းငွေ:ဇန်နဝါရီ၊ ဧပြီ၊ ဇူလိုင်နှင့် အောက်တိုဘာလစသည့် ၃ လကို စာသင်ကာလတစ်ခုအဖြစ် သတ်မှတ်ပြီး၊ မတက်ရောက်သည့် စာသင်ကာလ၏ သင်တန်းကြေး၊ အဆောက်အဦအသုံးပြုခနှင့် သင်ထောက်ကူပစ္စည်းကြေးကို ပြန်အမ်းပေးပါမည်။

| စာသင်ကာလ | ဧပြီလစာသင်ကာလ | ဇူလိုင်လစာသင်ကာလ | အောက်တိုဘာလစာသင်ကာလ | ဇန်နဝါရီလစာသင်ကာလ |
|---|---|---|---|---|
| ကာလ | ဧပြီ ၁ ရက် ~ ဇွန် ၃၀ ရက် | ဇူလိုင် ၁ ရက် ~ စက်တင်ဘာ ၃၀ ရက် | အောက်တိုဘာ ၁ ရက် ~ ဒီဇင်ဘာ ၃၁ ရက် | ဇန်နဝါရီ ၁ ရက် ~ မတ် ၃၁ ရက် |

(6)ပြန်အမ်းငွေနှင့် သက်ဆိုင်သော ကုန်ကျစရိတ်တာဝန်ခံမှု

ကျောင်းသို့ ပေးသွင်းထားသော ငွေကို ပြန်အမ်းရာတွင် ဖြစ်ပေါ်သည့် ဘဏ်လွှဲခနှင့် အခြားကုန်ကျစရိတ်များကို လျှောက်ထားသူမှ ကျခံရမည်ဖြစ်သည်။

## X လျှောက်ထားချိန်တွင် သဘောတူရမည့် အချက်များ (လျှောက်ထားသူနှင့် ငွေကြေးထောက်ပံ့သူ မဖြစ်မနေ ဖတ်ရှုရန်

- **MANABI ဘာသာစကားကျောင်းသို့ ကျောင်းလျှောက်ထားမည့်သူများသည် ဤသဘောတူညီချက်များကို သေချာဖတ်ရှု၍ လက်ခံရပါမည်။**
- **ကျောင်းတက်ပြီးနောက် အောက်ပါစည်းကမ်းများကို မလိုက်နာပါက ကျောင်းထုတ်ခြင်း၊ ကျောင်းမှ ထုတ်ပယ်ခြင်း အပါအဝင် ကျောင်း၏ အရေးယူမှုများကို လက်ခံသဘောတူသည်ဟု သတ်မှတ်မည်ဖြစ်သည်။**

1. ကျောင်းတက်နေစဉ်အတွင်းဂျပန်နိုင်ငံ၏ဥပဒေနှင့်ကျောင်း၏စည်းကမ်းများကိုလိုက်နာပြီး၊ကျောင်း၏စည်းမျဉ်းများနှင့်လမ်းညွှန်ချက်များကို လိုက်နာရမည်။
2. MANABIကျောင်း၏တည်နေရာ၊ကျောင်းတည်ထောင်သူ၊ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များ၊ရွေးချယ်ပုံနည်းလမ်းနှင့်အဆောင်အကြောင်း စသည့် အချက်အလက်များကို နားလည်ပြီးမှ ဝင်ခွင့်လျှောက်ထားရမည်။
3. MANABIကျောင်း၏ဝင်ကြေး၊ကျောင်းလခနှင့်အခြားပေးဆောင်ရမည့်ကုန်ကျစရိတ်များ၊ပေးသွင်းရမည့်အချိန်နှင့်ငွေပြန်အမ်းခြင်းဆိုင်ရာ စည်းမျဉ်းများကို သေချာစစ်ဆေးပြီး သတ်မှတ်ထားသော အချိန်အတွင်း နောက်မကျဘဲ ပေးဆောင်ရမည်။
4. ကျောင်းသားဗီဇာ၊ Short Stay Visaနှင့်ဂျပန်တွင်နေထိုင်ရန်လိုအပ်သောCOE၊ဗီဇာတို့ကိုဂျပန်အစိုးရကစိစစ်ပြီးထုတ်ပေးခြင်းဖြစ်သည်။ ထို့ကြောင့်

လျှောက်လွှာ၏ ရလဒ် (အတည်ပြု/ငြင်းပယ်) အတွက်သော်လည်းကောင်း၊ ထိုရလဒ်ကြောင့် ဖြစ်ပေါ်လာသော အပိုကုန်ကျစရိတ်များအတွက်သော်လည်းကောင်း တာဝန်ယူမည် မဟုတ်ပါ။

5. ကျောင်းအတွင်း၊ ကျောင်းအပြင် မည်သည့်နေရာတွင်မဆို အခြားကျောင်းသားများ၊ ဆရာ/ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသက်ဆိုင်သူများအပေါ် အကြမ်းဖက်ခြင်း၊ ဆဲဆိုခြင်း၊ပစ္စည်းဖျက်ဆီးခြင်း၊ အခြားသူ၏ ဂုဏ်သိက္ခာကို ထိခိုက်စေခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေခြင်း သို့မဟုတ် ထိခိုက်နစ်နာစေသော အပြုအမူများကို မပြုလုပ်ရပါ။
6. ကျောင်းသို့ အချက်အလက်အတုများ တင်ပြခြင်း သို့မဟုတ် မမှန်ကန်သော စာရွက်စာတမ်းများ တင်သွင်းထားကြောင်း တွေ့ရှိပါက၊ ကျောင်းတက်နေပြီးဖြစ်သော်လည်း ဝင်ခွင့်ကို ပယ်ဖျက်မည်ဖြစ်ပါသည်။
7. ကျောင်းဝင်ခွင့်လျှောက်ထားသည့်နေ့မှစ၍ ဘွဲ့ရသည်အထိ သို့မဟုတ် ကျောင်းမှနုတ်ထွက်သည့်အထိ ကာလအတွင်း၊ အောက်ဖော်ပြပါ အချက်အလက်များတွင် အပြောင်းအလဲတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက၊ အပြောင်းအလဲဖြစ်ပေါ်သည့်နေ့မှ ၁ ပတ်အတွင်း ကျောင်းသို့ မဖြစ်မနေ အကြောင်းကြားတင်ပြပါမည်။
   ① ကျောင်းသားနှင့် ပတ်သက်၍ :လိပ်စာ၊ဖုန်းနံပါတ် ၊အိမ်ထောင်ရေးအခြေအနေ၊အလုပ်အကိုင်အလုပ်လုပ်သောနေရာ
   ② ကျောင်းသားနှင့် ကျောင်းစရိတ်ထောက်ပံ့သူနှင့်ပတ်သက်၍ပတ်သက်၍ :
   လိပ်စာ၊ဖုန်းနံပါတ်လိပ်စာ၊ဖုန်းနံပါတ်၊အလုပ်အကိုင်၊အလုပ်လုပ်ကိုင်သောနေရာ၊ကျောင်းစရိတ်ထောက်ပံ့သူကွယ်လွန်ခြင်း
8. ကျောင်းတက်နေစဉ်အတွင်း ကျောင်းသူသည် ရောဂါ/ထိခိုက်ဒဏ်ရာကြောင့်ကုသမှုသို့မဟုတ်ခွဲစိတ်ကုသမှုခံယူရန် လိုအပ်လာပြီး၊ အရေးပေါ် ဆုံးဖြတ်ချက်ချရန်လိုအပ်ချိန်တွင် မိဘအုပ်ထိန်းသူ၏ သဘောထားကိုအတည်ပြုနိုင်ခြင်း မရှိသည့်အခြေအနေတွင်၊ဆရာဝန်/
   ဆေးရုံ၏ဆုံးဖြတ်ချက်ကိုလက်ခံသဘောတူပါသည်။ထို့အပြင်ကုသမှုနည်းလမ်းနှင့်ပတ်သက်၍သဘောတူညီချက်တွင်လက်မှတ်ရေးထိုးရန်လိုအပ်ပါက၊MANABIကျောင်း၏ဝန်ထမ်းများနှင့်သက်ဆိုင်ရာတာဝန်ရှိသူများအားမိဘ/အုပ်ထိန်းသူ၏ကိုယ်စားလက်မှတ်ရေးထိုးနိုင်သည့် အခွင့်အာဏာကို ပေးအပ်ပါသည်။ ထိုသို့သော ဆုံးဖြတ်ချက်များကြောင့် ဖြစ်ပေါ်လာသည့် မည်သည့်အကျိုးဆက်နှင့်ပတ်သက်၍မဆို MANABI ကျောင်း၏ဝန်ထမ်းများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအား မည်သည့်တာဝန်ယူမှုကိုမျှ ကျွန်ုပ်တို့ တောင်းဆိုမည်မဟုတ်ပါ။
9. ကျောင်း၏စာသင်ချိန်နှင့်လှုပ်ရှားမှုများအတွင်းရိုက်ကူးထားသောဓာတ်ပုံများကိုMANABIကျောင်း၏ကြော်ငြာခြင်းနှင့်လှုပ်ရှားမှုမိတ်ဆက်ခြင်းအတွက်သာ အသုံးပြုမည်ဖြစ်ပြီး၊ လက်ကမ်းစာစောင်များ၊ ဝဘ်ဆိုက်၊ Facebook၊ Instagram စသည့် SNS များတွင် ကျောင်းသား၏ မျက်နှာကို သိသာစွာ မြင်နိုင်သည့်ပုံစံဖြင့် ဖော်ပြနိုင်ပါသည်။ ဓာတ်ပုံမဖော်ပြစေလိုသည့် အကြောင်းအရင်းရှိပါက ကြိုတင်အကြောင်းကြားရန် လိုအပ်ပါသည်။
10. ဗီဇာသက်တမ်း ကျန်ရှိနေသေးသော်လည်း ကျောင်းမတက်ဘဲ ဆက်လက်ပျက်ကွက်နေသည့်အတွက် ကျောင်းမှ ထွက်ခွာကြောင်းကို လူဝင်မှုကြီးကြပ်ရေးဌာနသို့ အကြောင်းကြားပါက၊ ထိုအချိန်မှစ၍ ပညာရေးအဖွဲ့အစည်းနှင့် မသက်ဆိုင်တော့သဖြင့်အမြန်ဆုံးနိုင်ငံပြန်ရန် လိုအပ်ပါသည်။
11. ဂျပန်တွင်အချိန်ပိုင်းအလုပ်လုပ်ရန်(ခွင့်ပြုထားသောနေထိုင်ခွင့်အပြင်အလုပ်လုပ်ခွင့်)ကိုရယူရန်လိုအပ်ပါသည်။အချိန်ပိုင်းအလုပ်လုပ်လိုသူများသည် ဂျပန်နိုင်ငံသို့ ဝင်ရောက်သည့်အခါ လူဝင်မှုကြီးကြပ်ရေးဌာနတွင် 「ခွင့်ပြုထားသောနေထိုင်ခွင့်အပြင်အလုပ်လုပ်ခွင့်」ကို လျှောက်ထားရယူရပါမည်။ ထို့အပြင် ဂျပန်သို့ ရောက်ရှိပြီးနောက် အချိန်ပိုင်းအလုပ်နှင့်ပတ်သက်သော ကျောင်း၏ လမ်းညွှန်ချက်များကို လိုက်နာရပါမည်။
12. နေထိုင်ခွင့် (ဗီဇာ)သက်တမ်းကျန်ရှိနေသေးသော်လည်း၊ ပညာရေးအဖွဲ့အစည်းတစ်ခုခုတွင် စာရင်းသွင်းထားခြင်းမရှိသည့် ကာလအတွင်း (ဂျပန်နိုင်ငံသို့ ဝင်ရောက်ပြီးနောက် ကျွန်ုပ်တို့၏ကျောင်းသို့ မတက်ရောက်မီကာလ၊ သို့မဟုတ် ကျောင်းမှ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခံရခြင်း၊ ဘွဲ့ရခြင်းတို့အပြီးမှ နောက်ထပ်တက်ရောက်မည့် ကျောင်းသို့ မဝင်ရောက်မီကာလ) အချိန်ပိုင်းအလုပ် အပါအဝင် မည်သည့်အလုပ်အကိုင်ကိုမဆို လုပ်ဆောင်ပါက **တရားမဝင် အလုပ်လုပ်ခြင်း (Illegal Employment)** အဖြစ် သတ်မှတ်ခံရပြီး ဂျပန်နိုင်ငံ၏ ဥပဒေကို ချိုးဖောက်ရာရောက်ပါသည်။ ထို့ကြောင့် အဆိုပါကာလအတွင်း **မည်သည့်အလုပ်ကိုမျှ လုံးဝ မလုပ်ပါနှင့်။**
13. 「ခွင့်ပြုထားသောနေထိုင်ခွင့်အပြင်အလုပ်လုပ်ခွင့်」ရရှိထားပါက တစ်ပတ်လျှင် ၂၈ နာရီအထိ အချိန်ပိုင်းအလုပ် လုပ်နိုင်ပါသည်။ ကျောင်းမှ သတ်မှတ်ထားသော ရေရှည်ပိတ်ရက်များတွင်သာအလုပ်သမားဥပဒေ၏ သတ်မှတ်ချက်အတွင်း တစ်ရက်လျှင် ၈ နာရီ၊ တစ်ပတ်လျှင် ၄၀ နာရီအထိ အလုပ်လုပ်နိုင်ပါသည်။ သို့သော်လည်း ဖျော်ဖြေရေးလုပ်ငန်း စသည့် နိုင်ငံခြားကျောင်းသားများအား တားမြစ်ထားသော အလုပ်များကို မလုပ်နိုင်ပါ။
14. အမျိုးသားကျန်းမာရေးအာမခံတွင် မဖြစ်မနေ အာမခံဝင်ထားရပါမည်။ ထိုအာမခံဖြင့် ဆေးကုသစရိတ်၏ ၇၀ ရာခိုင်နှုန်းကို ဂျပန်အစိုးရက ကျခံပေးပါသည်။ ထို့အပြင် ကျောင်းတက်နေစဉ်အတွင်း နိုင်ငံခြားကျောင်းသား အာမခံစနစ်တွင်လည်း မဖြစ်မနေ ပါဝင်ရပါမည်။
15. ဂျပန်နိုင်ငံတွင် နေထိုင်သော အသက် ၂၀ နှစ်နှင့်အထက်ရှိသူများသည် နိုင်ငံခြားသားဖြစ်သော်လည်း အမျိုးသားပင်စင် ကြေးကို ပေးဆောင်ရန် တာဝန်ရှိပါသည်။ ပင်စင်ကြေး ကင်းလွတ်ခွင့်လျှောက်ထားလိုပါက ကျောင်းနှင့် တိုင်ပင်ဆွေးနွေးပါ။

16. ကာလတိုနေထိုင်ခွင့်ဗီဇာဖြင့်ကျောင်းတက်နေသောကျောင်းသားသည်တက်ရောက်မှုနှုန်းအလွန်နည်းပါးခြင်းစသည့်အကြောင်းကြောင့်
ပညာသင်ကြားမှုကိုဆက်လက်လုပ်ဆောင်လိုသည့်ဆန္ဒမရှိဟုကျောင်းဘက်မှဆုံးဖြတ်ပါက၊ကျောင်းသားဗီဇာဖြင့်နိုင်ငံဝင်ခွင့်အတည်ပြုချက်ကို ပယ်ဖျက်မည်ဖြစ်ပါသည်။
17. အသက်၂၀နှစ်မပြည့်သေးသူများ အရက်သောက်ခြင်းနှင့် ဆေးလိပ်သောက်ခြင်းကို ဂျပန်ဥပဒေအရ တားမြစ်ထားပါသည်။ ထို့အပြင် ကျောင်းအနေဖြင့် အရွယ်မရောက်သေးသော ကျောင်းသား/သူများက အရက် သို့မဟုတ် ဆေးလိပ်ကို ကိုင်ဆောင်ထားခြင်းကိုလည်း တူညီစွာ စည်းကမ်းဖောက်ဖျက်မှုအဖြစ် သတ်မှတ်ပါသည်။
18. အသက် ၁၈ နှစ်မပြည့်သေးသူများသည်
မိမိတည်းခိုနေထိုင်သည့်နေရာမဟုတ်သောအခြားနေရာတွင်ညအိပ်ခြင်းကိုတားမြစ်ထားပါသည်။ ထို့အပြင် ည ၁၀ နာရီမှ နောက်နေ့ မနက် ၅ နာရီအတွင်း အုပ်ထိန်းသူ သို့မဟုတ် တာဝန်ရှိသူ မလိုက်ပါဘဲ အပြင်ထွက်ခြင်းကိုလည်း တားမြစ်ထားပါသည်။